# ကာကွယ်ရေး ပြုပြင်ပြောင်းလဲရေး (Defence Reform)

ကာကွယ်ရေးအတွက် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုဆိုင်ရာ
အခြေခံမှုများကို အသုံးချကျင့်သုံးမှုပြုစေခြင်း

## ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် (SSG) လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးနှင့် (SSR) လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံစွာ မိတ်ဆက်ပေးထားပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သောအုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏ အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

## ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

ဤ SSR နောက်ခံအကြောင်းအရာလက်စွဲသည် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးကို ပြုလုပ်ခြင်းအားဖြင့် ကာကွယ်ရေးအတွက် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုဆိုင်ရာ အခြေခံမှုများကို အသုံးချကျင့်သုံးမှုပြုစေခြင်း အကြောင်းပင်ဖြစ်သည်။ စစ်တပ်သည် နိုင်ငံတစ်နိုင်ငံနှင့် ယင်း၏ ပြည်သူတို့အား ကာကွယ်ရေးနှင့်သက်ဆိုင်ပါသည်။ ဒီမိုကရေစီနည်းကျစောင့်ကြည့်ထိန်းကျောင်းမှုနှင့် ထိန်းချုပ်မှုကို မြှင့်တင်ပေးခြင်းအားဖြင့် ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုက စစ်အင်အားကို ပြည်သူလူထု၏ ဆန္ဒအရနှင့် ၎င်းတို့ကို ကာကွယ်ပေးရေးအတွက် အသုံးပြုမှုအား သေချာမှုရှိစေပါသည်။ အစဉ်အမြဲ လှုပ်ရှားပြောင်းလဲလျက်ရှိသော လုံခြုံရေး ဝန်းကျင်တစ်ခုတွင် ပြောင်းသာလွှဲသာ ဆောင်ရွက်ကြရန်အတွက် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးက စစ်တပ်အား ယင်း၏ ပေးအပ်ခံ လုပ်ပိုင်ခွင့်တာဝန်ကို ပိုမိုသည့် အစွမ်းဖြင့် ပိုမိုမှန်ကန်ထိရောက်စွာ ဖြည့်ဆည်းပေးမှုအတွက် အသက်သွင်းပေးမည် ဖြစ်ပါသည်။

## SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --


- ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ အဘယ်နည်း။ *စာမျက်နှာ ၂*
- အဘယ်ကြောင့် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲပေးရသနည်း။ *စာမျက်နှာ ၄*
- ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအား မည်သူက ဆောင်ရွက်ပါသနည်း။ *စာမျက်နှာ ၅*
- ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုသည် မည်ကဲ့သို့ အလုပ်လုပ်ပါသနည်း။ *စာမျက်နှာ ၆*
- ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးနှင့် SSG နှင့် SSR တို့ကို မည်သည်က ချိတ်ဆက်ပေးပါသနည်း။ *စာမျက်နှာ ၈*
- ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအတွက် အတားအဆီးများကို မည်သို့ကျော်ဖြတ်မည်နည်း။ *စာမျက်နှာ ၉*


DCAF Geneva Centre for Security Sector Governance

## ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ အဘယ်နည်း။

**SSR နောက်ခံအခြေအနေများအောက်ဝယ် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲခြင်းသည် စစ်တပ်နှင့် ကာကွယ်ရေးကဏ္ဍရပ်တို့အပေါ် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုအား တိုးမြှင့်ပေးပြီး ယင်းနှစ်မျိုးစလုံးတို့တွင် မှန်ကန်ထိရောက်မှု၊ တာဝန်ခံခြင်းရှိမှုနှင့် ငွေကြေးတတ်နိုင်မှု စသည်တို့ကို ပိုမိုစွာ ဖြစ်ထွန်းစေပါသည်။** (လက်နက်ကိုင် တပ်ဖွဲ့များအပေါ် ဒီမိုကရေစီနည်းကျ ထိန်းချုပ်ခြင်းအား ထပ်ဆင့်သိရှိလိုပါက၊ SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု" နှင့် "လက်နက်ကိုင်တပ်ဖွဲ့များ" တို့ကို ဖတ်ရှုပါ။

ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး အနေဖြင့် အစိုးရ၊ စစ်တပ်နှင့် ပြည်သူတို့ကို ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။ ပိုမိုကောင်းမွန်သည့် ပြုမူဆောင်ရွက်ခြင်းမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲတို့သည် လုံခြုံရေး တပ်ဖွဲ့များနှင့် ယင်းတို့ အကာအကွယ်ပေးနေသော ပြည်သူလူထုတို့အကြားရှိ ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။ တစ်ချိန်တည်းတွင် စစ်တပ်အနေဖြင့် အစိုးရ၏ မူဝါဒများအပေါ် တုံ့ပြန်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ ယင်း၏ မှန်ကန်ထိရောက်မှုအားလည်း ဆက်လက်ထိန်းသိမ်းမှု ပြုရမည်ဖြစ်သည်။ တုံ့ပြန်မှုရှိပြီး ဒီမိုကရေစီနည်းကျသည့် SSG က အစိုးရ၏ ကာကွယ်ရေးဆိုင်ရာ မူဝါဒများသည် ပြည်သူများ၏ဆန္ဒအား ထင်ဟပ်မှုရှိစေရန်အတွက် သေချာစေပါသည်။

အဆိုပါ ဆက်နွယ်မှုများကို ပြန်လည်ပုံသွင်းခြင်းတွင် ကာကွယ်ရေး ပြုပြင်ပြောင်းလဲရေးသည် -

- ရေတိုရေရှည်တွင် နိုင်ငံတစ်နိုင်ငံ ရင်ဆိုင်နေရသော ခြိမ်းခြောက်မှုများ၊ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရန်အတွက် **မဟာဗျူဟာမြောက်ပတ်ဝန်းကျင်**ကို အကဲဖြတ်မည်၊
- လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာကွယ်ရေးကဏ္ဍဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၏ **လုပ်ငန်းပိုင်းဆိုင်ရာ အခန်းကဏ္ဍတာဝန်များနှင့် ဦးတည်ချက်များကို သုံးသပ်မှုပြုမည်၊**
- လုံခြုံရေး ဆောင်ရွက်ပေးသည့် အခြားသော အဖွဲ့အစည်းများ အပြင် ကာကွယ်ရေးအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုနှင့် စီမံခန့်ခွဲမှုပြုသော အဖွဲ့အစည်းဌာနများနှင့် ကာကွယ်ရေးကဏ္ဍတို့ အကြားရှိ **ဆက်ဆံရေးများကို ပြန်လည်စဉ်းစားသုံးသပ်မည်၊**
- လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာကွယ်ရေး အဖွဲ့အစည်းဌာနများအတွက် **ဦးစားပေး အစီအစဉ်များ၊ လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်များနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတွက် ဘတ်ဂျက်ချပေးမည်။**

## ▶ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာကွယ်ရေးကဏ္ဍ

ကာကွယ်ရေးကဏ္ဍသည် စစ်ရေးအင်အားအတွက် တာဝန်ရှိသော ပြည်သူ့အုပ်ချုပ်ရေး၏ ပိုင်ဆိုင်သောအရာဖြစ်သည်။ များသောအားဖြင့် ကာကွယ်ရေးကဏ္ဍတွင် လက်နက်ကိုင်တပ်ဖွဲ့များ၊ ယင်းတို့အတွက် နိုင်ငံရေးကဏ္ဍမှ ခန့်အပ်သည့် ခေါင်းဆောင်မှု (တပ်ချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန)၊ အုပ်ချုပ်ရေးအာဏာပိုင်များ (သမ္မတ၊ ပြည်ထောင်စု ဝန်ကြီးချုပ်) နှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စများအတွင်း အစဉ်အမြဲ သို့တည်းမဟုတ် တစ်ခါတစ်ရံ ပါဝင်ပတ်သက်သော အခြားသော နိုင်ငံတော်၏ ဌာနဆိုင်ရာများ ပါဝင်လေ့ရှိပါသည်။ အချို့ဖြစ်ရပ်များတွင် ကာကွယ်ရေးကဏ္ဍအတွင်း၌ ကာကွယ်ရေးနယ်ပယ်အတွင်း စီးပွားဖြစ် ဝန်ဆောင်မှုပေးသူများလည်း ပါဝင်ပါသည်။

ကာကွယ်ရေးကဏ္ဍတွင် ထုံးစံအားဖြင့် အခန်းကဏ္ဍတာဝန် သုံးခုရှိပါသည် -

1. **လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ်** (ဥပမာ၊ စစ်ဆင်ရေးများကို ကွပ်ကဲမှုနှင့် ဆောင်ရွက်မှု)
2. **လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊** တစ်နည်းအားဖြင့် ဝန်ထမ်းများခေါ်ယူခြင်း၊ လေ့ကျင့်ခြင်းနှင့် စီမံအုပ်ချုပ်မှု၊ ထို့ပြင် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊
3. **ဘဏ္ဍာရေးနှင့် နည်းပညာ စီမံခန့်ခွဲမှု၊** တစ်နည်းအားဖြင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ စစ်ဘက်ဆိုင်ရာ ပစ္စည်းများကို ဝယ်ယူခြင်းနှင့် အစိုးရထံ နည်းပညာဆိုင်ရာ အကြံဉာဏ် ထောက်ပံ့ပေးမှု၊

လက်နက်ကိုင်တပ်ဖွဲ့များသည် ပြင်ပခြိမ်းခြောက်မှုရန်များအပေါ် အမျိုးသားအဆင့် ကာကွယ်ရေးအတွက် အဓိကရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဌာနများဖြစ်သည်။ ပြည်တွင်းပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းရေးအတွက် အပ်နှင်းခံ လုပ်ပိုင်ခွင့်အာဏာသည် ယင်းအဖွဲ့အစည်းဌာနများတွင် ရှိကောင်းရှိနေနိုင်ပါသည်။ ယင်းအဖွဲ့အစည်းဌာနများတွင် အမြဲတမ်းတပ်ဖွဲ့များ၊ အကူတပ်ဖွဲ့များ နှင့်/သို့မဟုတ် အရန်အဖြစ်ထားသည့် တပ်ဖွဲ့များ စသည်တို့ ပါဝင်နိုင်ပါသည်။ ကောင်းမွန်သည့် SSG အတွင်း လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအကြောင်းကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံ အကြောင်းအရာ လက်စွဲဖြစ်သည့် "လက်နက်ကိုင်တပ်ဖွဲ့များ" ကို ဖတ်ရှုပါ။

အစီအစဉ်များ ချမှတ်ပြီးသည်နှင့် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်တာများသည် နည်းပညာပိုင်းဆန်ခြင်း သို့မဟုတ် စီမံရေးဆန်ခြင်းဖြစ်နိုင်ပြီး၊ နယ်ပယ်ပေါင်းများစွာအတွင်း အကျုံးဝင်နေနိုင်ရာ၊ ဥပမာ -

– စစ်ရေးအယူဝါဒ၊ ထိတွေ့မှု စည်းမျဉ်းများနှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ၊

– လက်နက်ပိုင်းဆိုင်ရာ စနစ်များ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကာကွယ်ရေး အခြေခံအဆောက်အအုံများ

– တပ်ဖွဲ့ အရွယ်အစားနှင့် ဖွဲ့စည်းပုံ၊

– စီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်စနစ်များ၊

– ဝန်ထမ်းရေးရာ မူဝါဒများ (ပညာရပ်ဆိုင်ရာများ အရည်အသွေးများ သွတ်သွင်းခြင်း၊ လူသစ်စုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးထူထောင်မှုအတွက် ကိုယ်စားပြုမှုရှိခြင်း)၊

– ဌာနများအကြား ဆက်ဆံရေးများ (တစ်ခါတစ်ရံ “တွဲဖက်ခြင်း” ဟုခေါ်)၊ ထို့ပြင် ပြည်တွင်းနှင့် နိုင်ငံရပ်ခြားရှိ လုံခြုံရေးကဏ္ဍ၏ အခြားသော အစိတ်အပိုင်းများနှင့် ဆက်ဆံရေးများ (တစ်ခါတစ်ရံ “အပြန်အလှန်အသုံးပြုခြင်း” ဟုခေါ်)၊

– တပ်ဖွဲ့ဝင်များ၊ မီဒီယာနှင့် အများပြည်သူအတွက် ဆက်သွယ်ဆက်ဆံရေး မူဝါဒများ၊

– အရပ်ဘက်-စစ်ဘက် ဒီမိုကရေစီနည်းကျ ဆက်ဆံမှု၊

– စစ်တပ်အတွင်းနှင့် ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအတွင်း ဥပဒေစည်းမျဉ်းကို လေးစားလိုက်နာမှု (the rule of law) နှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှု။

**လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့် အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)**

ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းတို့တွင် ကောင်းမွန်သည့် အုပ်ချုပ်ရေး အခြေခံမူများအား အသုံးချကျင့်သုံးပုံကို **ကောင်းမွန်သည့် SSG** က ဖော်ပြပေးပါသည်။ ကောင်းမွန်သည့် SSG အခြေခံမူများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေစိုးမိုးခြင်းရှိမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ** ဟူသည် လုံခြုံရေး ဆောင်ရွက်ပေးသူများသာ မဟုတ်ပေ - နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ထိန်းကျောင်းပေးရန် တာဝန်ရှိသော အဖွဲ့အစည်းများအားလုံးနှင့် လူပုဂ္ဂိုလ်များအားလုံး လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

**ကောင်းမွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။** **SSR** ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့၏ လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

ယခုကဲ့သို့သော အခြေခံအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် “လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေး”၊ “လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး” နှင့် “လုံခြုံရေးကဏ္ဍ” တို့ကိုကျေးဇူးပြု၍ ကိုးကားပါ။

## အဘယ်ကြောင့် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲ ပေးရသနည်း။

ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုတွင် အပြန်အလှန်ဆက်စပ်သော ရည်ရွယ်ချက်နှစ်ခုရှိရာ၊ ကာကွယ်ရေးကဏ္ဍ၏ အဓိက အခန်းကဏ္ဍတာဝန်သုံးခု (အထက်တွင် ဖော်ပြထား) ကို ဖြည့်ဆည်းခြင်းအတွက် ကာကွယ်ရေးကဏ္ဍ၏ **လုပ်ဆောင်မှုစွမ်းပကား**ကို မြှင့်တင်ရန်၊ ဒီမိုကရေစီကျသည့် အုပ်ချုပ်ရေး၊ ဥပဒေ စည်းမျဉ်းကို လေးစားလိုက်နာမှုနှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်း **ဖြောင့်မတ်သမာဓိရှိမှုဆိုင်ရာ မြင့်မားသော စံနှုန်းများ**ရှိစေရန် တို့ဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုတို့ကို တိုးမြှင့်ခြင်းကိစ္စမှာ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလူထုတို့က လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများကို တာဝန်ခံခြင်းရှိအောင် ပြုလုပ်နိုင်သည့် အခါမှသာ ဖြစ်နိုင်ပါသည်။ ပိုမိုသော ပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ ပွင့်လင်းမြင်သာခြင်းရှိမှုနှင့် တာဝန်ခံခြင်းရှိမှုတို့က လက်နက်ကိုင်တပ်ဖွဲ့များသည်သော်လည်းကောင်း ကာကွယ်ရေးကဏ္ဍသည်သော်လည်းကောင်း နှစ်မျိုးစလုံးသည် ၎င်းတို့တာ ဝန်ထမ်းဆောင်ပေးနေသည့် ပြည်သူလူထု၏ မျက်မှောက်တွင် အများလက်ခံတရားဝင်မှုနှင့် ယုံကြည်ထိုက်မှုရှိကြသည် ဆိုသည့်အချက်ကို မြင့်မားစေနိုင်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ ဥပဒေ စည်းမျဉ်းကို လေးစားလိုက်နာမှုနှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှုတို့အား ခိုင်မာအောင်ပြုလုပ်ခြင်းသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာကွယ်ရေးကဏ္ဍတို့က နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းတာဝန်ကို ပိုမိုကောင်းမွန်စွာ လုပ်ကိုင်စွမ်းဆောင်နိုင်ရန်အတွက် အကူအညီ ဖြစ်စေပါသည်။

ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး၏ **ဦးစားထားရာများ**မှာ တစ်နိုင်ငံချင်းစီ၏ နိုင်ငံရေး နောက်ခံအခြေနေအရပ်ရပ်အလိုက် ကွာခြားမှုရှိရာ -

- **ခိုင်မာမှုရှိပြီးသား ဒီမိုကရေစီနိုင်ငံများ**တွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးသည် ပုံမှန်အားဖြင့် **စဉ်ဆက်မပြတ်ပြုလုပ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ** လက်ရှိစစ်တပ်နှင့် ကာကွယ်ရေး အဖွဲ့အစည်းဌာနများ၏ **တာဝန်ခံခြင်းရှိမှု၊ မှန်ကန်ထိရောက်မှုနှင့် ငွေကြေးတတ်နိုင်မှုတို့ကို တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါသည်။**
- **နိုင်ငံရေး အကူးအပြောင်း**အား ဖြတ်သန်းနေရသည့် နိုင်ငံများတွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုသည် **ပိုမို၍ ဒီမိုကရေစီကျသည့် စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ထိန်းချုပ်မှုစနစ်အတွင်း ပိုမို၍ မှန်ကန်ထိရောက်မှုရှိသည့် အမျိုးသားကာကွယ်ရေး**အပေါ်တွင် အများအားဖြင့် အဓိကအလေးပေးထားပါသည်။
- **ပဋိပက္ခသက်ရောက်မှုခံရသည့် နိုင်ငံများ**တွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး အနေဖြင့် **ပဋိပက္ခ ပြင်းထန်မှုအား တားဆီးနေစဉ် သို့မဟုတ် တုံ့ပြန်ဖြေရှင်းနေစဉ်အတွင်း နိုင်ငံတော်တည်ငြိမ်ရေး**ကို တိုးတက်မှုရှိစေရန် ရည်ရွယ်ရာဝယ်၊ ယင်းကို ရရှိအောင်မြင်ရန် နည်းလမ်းများသည် ပိုမို၍ ဒီမိုကရေစီဆန်သော SSG၊ ပြန်လည်သင့်မြတ်ရေး အစီအမံများနှင့် ပိုမို ပါဝင်မှုတို့အပေါ်တွင် အဓိက အလေးပေးပါသည်။

### ပဋိပက္ခအလွန် အခြေအနေများတွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး

ပဋိပက္ခထဲမှ ထွက်ပေါ်လာသော နိုင်ငံများသည် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးတွင် သီးသန့်စိန်ခေါ်မှုများကို ရင်ဆိုင်ရရာဝယ်၊ ဥပမာ -

- လူအဖွဲ့အစည်းနှင့် လက်နက်ကိုင်အုပ်စုများကို စစ်ရေးစစ်ရာများမှ ကင်းပစေခြင်းကိစ္စ၊
- သိုလှောင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ပိုလျှံပစ္စည်းများကို ဖျက်ဆီးပစ်ခြင်း၊
- နိုင်ငံတော် လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခြင်းကိစ္စ၊
- ပဋိပက္ခတွင် ပါဝင်ခဲ့သည့်ဘက်အားလုံးမှ တိုက်ပွဲဝင်ခဲ့သူများကို လုံခြုံရေးအဖွဲ့အစည်းဌာနများသို့ ပေါင်းစည်းဝင်ရောက်လုပ်ကိုင်စေခြင်းကိစ္စ၊
- စစ်ရာဇဝတ်မှုများနှင့် အခြားသော ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကိုင်တွယ်ခြင်းကိစ္စ၊
- လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ကြောက်ရွံ့မှုနှင့် မယုံကြည်မှု အစဉ်အလာအား ကိုင်တွယ်ဖြေရှင်းခြင်းကိစ္စ (ယင်းတွင် ပြစ်ဒဏ်အရေးယူမှုမှ ကင်းလွတ်နေမှုကို အဆုံးသတ်ပေးခြင်းနှင့် မတော်မတရားပြုမူခြင်းအပေါ် လုံးဝသည်းခံမှုမရှိသည့် မူဝါဒအား ချမှတ်ကျင့်သုံးခြင်း ပါဝင်)၊
- ကာကွယ်ရေးကဏ္ဍ၏ အဂတိလိုက်စားသော အစဉ်အလာများ (ပဋိပက္ခခေတ်က အမွေပေးလိုက်သော အစဉ်အလာဖြစ်သည်) အား တိုက်ဖျက်ခြင်းကိစ္စ၊

## ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအား မည်သူက ဆောင်ရွက်ပါသနည်း။

ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် ကာကွယ်ရေး၏ အရပ်ဘက် ဝန်ကြီးဌာနများ (သို့မဟုတ် ဌာနများ) သည် နိုင်ငံအဆင့်သာမက နိုင်ငံတကာမှပါ ပါဝင်ပတ်သက်သူများ ဖြစ်ကြသည်မှာ အကောင်းဆုံးပင်။ ရှုပ်ထွေးသော ဖြစ်စဉ်တစ်ခုကို စီမံခန့်ခွဲရန် ထိုဝန်ကြီးဌာနတွင် သင့်တော်သော အရပ်ဘက်ဆိုင်ရာနှင့် စစ်ဘက်ဆိုင်ရာ ပညာရပ်ကျွမ်းကျင်မှု ရှိကိုရှိရမည်ဖြစ်သည်။ ဘက်စုံပါဝင်သော လုပ်ငန်းစဉ်တစ်ခုအနေဖြင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ ပါဝင်ပတ်သက်သူများ နှစ်မျိုးစလုံး၊ ထိုနည်းတူစွာ ကာကွယ်ရေးကဏ္ဍတွင်း အခန်းကဏ္ဍတစ်ခုရှိထားသည့် အများပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းဌာနများ နှစ်မျိုးစလုံး စသည်တို့ကို ထည့်သွင်းစဉ်းစားလိမ့်မည် (ပုံ-၁ ကို ကြည့်ပါ)။

**ပုံ - ၁ ကာကွယ်ရေး ပြုပြင်ပြောင်းလဲရေးတွင် လုံခြုံရေးကဏ္ဍတစ်ရပ်လုံးနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးတို့တွင်ရှိသော ပါဝင်ပတ်သက်လှုပ်ရှားသူများစွာပါဝင်သည်**



## ကာကွယ်ရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုသည် မည်ကဲ့သို့ အလုပ်လုပ်ပါသနည်း။

လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍကိစ္စနှင့် နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာ လိုအပ်ရာများကို အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် နိုင်ငံရေးပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ အပိုင်းကဏ္ဍအတွင်းတွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးကိစ္စအား သင့်တော်သလို လက်ခံဆောင်ရွက်စေရေးအတွက် ကောင်းမွန်သည့် အစပြုမှုတစ်ခု ဖြစ်နိုင်ပါသည်။ ယင်းနောက်တွင်၊ ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးတွင် ပုံမှန်ပါဝင်လေ့ရှိသည့် အစိတ်ပိုင်းများတွင် ပါဝင်သည်များမှာ -

– **ကာကွယ်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုတစ်ခုအား ပြုလုပ်ခြင်း။** ကာကွယ်ရေးသုံးသပ်ချက်တစ်ရပ်တွင် ကာကွယ်ရေးသည် မည်သည့်အခန်းကဏ္ဍကို ဆောင်ရွက်ရမည်ဆိုသည်ကို ဆွေးနွေးပြီး၊ လုံခြုံရေးနယ်ပယ်ဝန်းကျင်နှင့် ယင်းတွင်ရှိသော ခြိမ်းခြောက်မှုအန္တရာယ်များကို ဆန်းစစ်ကာ၊ ပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ကို ထည့်သွင်းပေးပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကာကွယ်ရေး ဘက်စုံသုံးသပ်ချက်များ ပုံမှန်ပြုလုပ်ရန် ဥပဒေအရ လိုအပ်ကောင်းလိုအပ်လိမ့်မည်ဖြစ်သော်လည်း နိုင်ငံပေါင်းများစွာအနေဖြင့် အခြေအနေအချိန်အခါများက တောင်းဆိုလာသည့်အခါမှသာ ထိုသို့ပြုလုပ်ပါသည်။ ကာကွယ်ရေးအား ပြန်လည်သုံးသပ်မှုသည် ပိုမိုကျယ်ပြန့်သော လုံခြုံရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည် သို့မဟုတ် ကြီးမားသည့် ကာကွယ်ရေး အသွင်ပြောင်းလဲမှု၏ အစိတ်အပိုင်းဖြစ်နိုင်သော်လည်း ကာကွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအားလုံးသည် ပြန်လည်သုံးသပ်မှုတစ်ခုဆောင်ရွက်ပြီးမှပြုလုပ်ရန် မဟုတ်ချေ။

– **ပုံစံပြုခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း။** လိုလားသော အဆုံးသတ်ရည်မှန်းချက်များအား ပြည့်မီရန်အတွက် ရရှိနိုင်သော နည်းလမ်းများသည် သင့်လျော်မှုရှိစေရန်အတွက်လည်းကောင်း၊ သတ်မှတ်ထားသော ဘတ်ဂျက်တစ်ခုအတွင်း ဝင်နေစေရန်အတွက်လည်းကောင်း ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအား အမြဲတမ်း ဖွဲ့စည်းပုံများအရ စစ်တပ်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များက အစီစဉ်ချမှတ်သည် သို့မဟုတ် အထူးသီးသန့်ကော်မတီများနှင့် အထူးကော်မရှင်များက အစီစဉ်ချမှတ်ပါသည်။ အထူးသဖြင့် ရပ်ရွာလူထုများအပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များအတွက် ကာကွယ်ရေးကဏ္ဍအတွင်းနှင့် ပြင်ပ နှစ်ခုစလုံးမှ သက်ဆိုင်သူများစွာတို့ကို ဆွေးနွေးတိုင်ပင်သင့်ပါသည်။

– **အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ချိန်ညှိမှုပြုလုပ်ခြင်း။** မှန်ကန်ထိရောက်သော ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုသည် ပြုပြင်ပြောင်းလဲမှုအား အကောင်အထည်ဖော်ခြင်းနှင့် ထွက်ပေါ်ချက်ရလဒ်များကို စောင့်ကြည့်လေ့လာရန်

▶ **ကာကွယ်ရေးကဏ္ဍတွင် ကျား/မ တန်းတူညီမျှမှု ရရှိခြင်း၏ အကျိုးကျေးဇူးများ** ကျား/မ တန်းတူညီမျှမှုသည် အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီနည်းကျ မျှတမှု (SSR နောက်ခံအကြောင်းအရာလက်စွဲဖြစ်သည့် "ကျား/မ တန်းတူညီမျှရေးနှင့် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး" နှင့် "ကျား/မ တန်းတူညီမျှရေးနှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" တို့ကို ကြည့်ရှုပါ) တို့ကို မြှင့်တင်ပေးရင်း လုံခြုံရေးကဏ္ဍ၏ လုပ်ဆောင်မှုစွမ်းပကားကို တိုးတက်ကောင်းမွန်စေသည် -

– **ပိုမိုကောင်းမွန်သော လုပ်ဆောင်မှုစွမ်းပကား -** ကျား/မ တန်းတူညီမျှမှုတွင် နည်းဗျူဟာပိုင်းဆိုင်ရာ အားသာချက်များ (လူ့ဘောင်အဖွဲ့အစည်းတစ်ခုခုတွင် ကျား/မ အားလုံးနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း)၊ လုပ်ငန်းပိုင်းဆိုင်ရာ အားသာချက်များ (လုပ်ငန်းခွင်၏ ကျား/မ ဆိုင်ရာ ဆန်းစစ်ချက်ကို ပြုလုပ်နိုင်ခြင်း)၊ နှင့် မဟာဗျူဟာမြောက် အားသာချက်များ (ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် မတူကွဲပြားမှု အပြည့်အဝရှိခြင်းက အရည်အသွေးကို တိုးတက်ကောင်းမွန်စေပါသည်) ရှိပါသည်။

– **အခွင့်အရေးများနှင့် ဖြောင့်မတ်သမာဓိရှိမှုအား ကာကွယ်ခြင်း -** ကျား/မ တန်းတူညီမျှရေးသည် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုဆိုင်ရာ၊ ဥပဒေ စည်းမျဉ်းကို လေးစားလိုက်နာမှုဆိုင်ရာနှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှုဆိုင်ရာ အခြေခံမှုများအတွင်းတွင် သီးခြားခွဲထုတ်၍မရသော အပိုင်းဖြစ်ပါသည်။ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းဆိုင်ရာကိစ္စများအပေါ် သာတူညီမျှ လက်လှမ်းမီရယူသုံးစွဲခြင်းနှင့် ကျား/မ ဆိုင်ရာ သီးသန့်လုံခြုံရေးအတွက် လိုအပ်ရာများအပေါ် တုံ့ပြန်ဖြေရှင်းနိုင်မှုရှိခြင်းတို့အားလုံးမှာ ကာကွယ်ရေးကဏ္ဍအတွင်း စံသတ်မှတ်ချက်အား လိုက်နာမှုရှိခြင်းကို တိုင်းတာမှုပြုရန်အတွက် အရေးကြီးသော ကိုးကားရန် စံနှုန်းသတ်မှတ်ချက်များ ဖြစ်ပေသည်။

စနစ်ယန္တရားများ လိုအပ်လျက်ရှိရာ၊ သို့မှသာ ဆောင်ရွက်မှုနယ်ပယ်တွင်း ခရီးပေါက်ရောက်မှုကိစ္စနှင့် အပြောင်းအလဲများဖြစ်ပေါ်ခြင်းကိစ္စတို့အတွက် လုပ်ငန်းအစီအစဉ်များကို ချိန်ညှိမှုပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ဘက်စုံပါဝင်မှုရှိသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်များသည် ယင်းတို့အား အစပြုပေးခဲ့သည့် အစိုးရ၏ သက်တမ်းထက် ပိုမိုရှည်ကြာလေ့ရှိသည့်အတွက် အထူးသဖြင့် အရေးပါပါသည်။

ကာကွယ်ရေး ပြုပြင်ပြောင်းလဲမှုသည် (အထူးသဖြင့် နိုင်ငံတစ်ခုသည် စစ်ရေးစွမ်းရည်အသစ်များတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သောအခါမျိုးတွင်) အကုန်အကျများနိုင်သဖြင့် **ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်ကို ဂရုတစိုက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း**တို့သည် မရှိမဖြစ်လိုအပ်သည်။ လုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်ကျစရိတ်အား ဆန်းစစ်ခြင်းကိစ္စ၊ စောင့်ကြည့်လေ့လာခြင်းကိစ္စနှင့် ဘက်ဂျက်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ ဆောင်ရွက်ခြင်းကိစ္စတို့က တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့မှုကို ပေးစွမ်းပါသည်။

**ပြည်သူလူထုအတွက် အဆက်မပြတ်သော သတင်းပြန်ကြားရေးကို ကြိုးပမ်းဆောင်ရွက်ပေးမှု**သည် ကာကွယ်ရေး ဖွဲ့စည်းတည်ထောင်မှုအား အကူအညီဖြစ်စေပြီး လူထုအား ပြုပြင်ပြောင်းလဲရေးအပေါ် သိရှိနားလည်စေကာ ဝေဖန်အကဲဖြတ်ရန် အကူအညီဖြစ်စေပါသည်။ ရေတိုကာလတွင် လူသားနှင့် လူမှုအသိုင်းအဝိုင်း နောက်ဆက်တွဲ အကျိုးဆက်များကို ချင့်တွက်လျက် ဘက်စုံပါဝင်မှုရှိသော ကာကွယ်ရေးပြုပြင်ပြောင်းလဲမှု၏ ရေတိုရေရှည် အကျိုးကျေးဇူးများကိုသော်လည်းကောင်း၊ တွေ့ရှိထားသည့် လက်တလော ခြိမ်းခြောက်မှုအန္တရာယ် များအား ကိုင်တွယ်ဖြေရှင်းရမည့် ဖိအားများကိုသော်လည်းကောင်း သတင်းပြန်ကြားရေး လှုပ်ရှားမှုများက လွှမ်းခြုံမှုပေးသင့်သည်။

စစ်ဘက်ဆိုင်ရာ ပစ္စည်းများသည် ကုန်ကျမှုနှင့် သက်တမ်းကြာရှည်ခံမှုရှိခြင်းကြောင့် နိုင်ငံများစွာသည် **ကာကွယ်ရေးအစီအစဉ်ရေးဆွဲမှုစနစ်တစ်ခုကို ကျင့်သုံးကြသည်။** ဥပမာအားဖြင့် အစီအစဉ်တစ်ခုသည် ရေရှည်ရှုထောင့် (ဥပမာ ၁၅ နှစ်မှ ၂၀) ကို ပို၍တိကျပြီး အသေးစိတ်ကျသော (ဥပမာ လေးနှစ်တာ) နှင့် ပေါင်းစပ်လျှင်ပေါင်းစပ်နိုင်သည်။ ကာကွယ်ရေး ပြုပြင်ပြောင်းလဲမှုသည် အတိတ်ကဆုံးဖြတ်ချက်များကို ထည့်သွင်းစဉ်းစားရန်သာမက လုံခြုံရေး၊ နည်းပညာနှင့် လူမှုပထဝီတို့နှင့်ပတ်သက်သည့် အနာဂတ် ဖြစ်ပေါ်တိုးတက်မှုများအပြင် လူ့အဖွဲ့အစည်းက မိမိကိုယ်မိမိ ရှုမြင်ပုံများ ပြောင်းလဲလာပုံတို့အတွက်လည်း ကြိုတင်တွက်ဆထားရန် လိုအပ်သည်။

### ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးနှင့် SSG နှင့် SSR တို့ကို မည်သည်က ချိတ်ဆက်ပေးပါသနည်း။

တာဝန်ခံခြင်းရှိမှုနှင့် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လုပ်ဆောင်မှုစွမ်းပကား၊ လေ့ကျင့်သင်တန်းပေးမှု သို့မဟုတ် ပစ္စည်းကိရိယာ စသည်တို့၏ နည်းပညာပိုင်းဆန်သည့် အစိတ်အပိုင်းများကိုသာ အဓိကအလေးပေးသည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတို့မှာ SSR ၏ အစိတ်အပိုင်းမဟုတ်ဘဲ ကောင်းမွန်သည့် SSG ကို အားနည်းစေနိုင်ပါသည်။ တာဝန်ခံမှုကိစ္စသည် ကာကွယ်ရေးကဏ္ဍတွင်းရှိ အဖွဲ့အစည်းဌာနများနှင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ်တွင် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုတို့မှတစ်ဆင့် အကျိုးဝင်သက်ရောက်ပြီး၊ ဝန်ကြီးဌာန၏ လုပ်ကိုင်ဆောင်ရွက်မှု အပေါ်တွင်လည်း အကျိုးဝင်သက် ရောက်မှုရှိပါသည်။

ကာကွယ်ရေးကဏ္ဍ၏ တာဝန်ခံခြင်းရှိမှုနှင့် ပွင့်လင်းမြင်သာခြင်းရှိမှုတို့ကို တိုးတက်ကောင်းမွန်စေသည့် ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုအပေါ်ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ထွက်ပေါ်လာသောရလဒ်များတွင် ဥပမာအားဖြင့် ပါဝင်သည်များမှာ -

- **စောင့်ကြည့်ထိန်းကျောင်းရေးအတွက် အသစ်သော အဖွဲ့အစည်းဌာနများ သို့မဟုတ် လုပ်ငန်းစဉ်များ၊** ဥပမာအားဖြင့်၊ အရပ်ဘက်နှင့် စစ်ဘက် ဌာနချုပ်များကို တွဲထားပေးသည့် ပေါင်းစပ်ထားသော ကာကွယ်ရေးဝန်ကြီးဌာနတစ်ခု၊ စစ်ဘက်ဆိုင်ရာ တိုင်တန်းမှု စုံစမ်းစစ်ဆေးသည့် ပုဂ္ဂိုလ် သို့မဟုတ် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လွှတ်တော်ကော်မတီ၊
- **စစ်တပ်တွင်း အဆင့်ဆင့် ကွပ်ကဲမှုပုံစံအပေါ် အပြောင်းအလဲများ ပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြှင့်တင်ထားသည့် ထိန်းချုပ်မှုများ**နှင့် စစ်တပ်အပေါ် လူမှုအဖွဲ့အစည်း၏ ခိုင်မာသည့် စောင့်ကြည့်လေ့လာခြင်း၊
- **ကာကွယ်ရေးကဏ္ဍဆိုင်ရာ ပိုမိုနက်ရှိုင်းသော အသိပညာ၊** ဥပမာ လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်သည့် ကာကွယ်ရေးဆိုင်ရာ ပညာရေးအတွက်နှင့် ပြည်သူလူထုထံ ပြန်ကြားရေးအတွက် သင်ရိုးညွှန်းတမ်းအသစ်မှတစ်ဆင့် ရရှိသည့်အသိပညာဖြစ်သည်။

အဖွဲ့စည်းအတွင်းမှသော်လည်းကောင်း ပြင်ပမှသော်လည်းကောင်း စောင့်ကြည့်ထိန်းကျောင်းရေးပြုလုပ်ခြင်းများကို ချိတ်ဆက်ပေးထားသော စနစ်ယန္တရားများသည်လည်း လုံခြုံရေးဌာနများ အားလုံး၏ တာဝန်ခံခြင်းရှိမှုကို တိုးပွားစေနိုင်ရာ၊ ဥပမာ -

- **လုပ်ပိုင်ခွင့်အာဏာများ ခွဲခြားထားခြင်း၊** ရဲ၊ နယ်စပ်ရေးရာ အာဏာပိုင်များနှင့် အခြားသော လုံခြုံရေးဌာနများကို စစ်တပ်မှ ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ထားရမည်။ ပြည့်မီလက်ခံနိုင်သော ဥပဒေ မူဘောင်များနှင့် အပ်နှင်းထားသော တာဝန်များကိုဖော်ပြချက်များက လုံခြုံရေးဆိုင်ရာ လစ်ဟာမှုများ သို့မဟုတ် အထူးလုပ်ငန်း/တာဝန် ထပ်တူကျနေမှုများ မရှိစေရန် သေချာစေပါသည်။
- **အရည်အသွေးပြည့်သော ခေါင်းဆောင်မှု -** တာဝန်သိစိတ်နှင့် တာဝန်ယူလိုစိတ်အပါအဝင် အဖွဲ့အစည်းတွင်း ကျင့်ဝတ်၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်းနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ ရှုထောင့်ကဏ္ဍများသည်လည်း စစ်တပ်အတွင်း ဖြောင့်မတ်သမာဓိရှိမှုကို ထိန်းသိမ်းပေးပါသည်။
- **တရားရေး စနစ်ယန္တရားများ -** အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ တရားရေးစနစ်များသည် ရွေးချယ်စရာမရှိတော့သောအခါ နောက်ဆုံးအနေဖြင့် အသုံးပြုရသည့် အရာများဖြစ်ပြီး စစ်တပ်အား ဖြောင့်မတ်သမာဓိရှိစွာ လုပ်ငန်းလည်ပတ်စေရန် အာမခံချက်ပေးသည့် အရာများဖြစ်သည်။ တရားစီရင်ရေးစနစ် ကောင်းစွာလည်ပတ်သည့် နိုင်ငံများတွင် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များအား အထူးတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများအောက် ထားရှိလေ့ရှိပြီး အရပ်သားများအတွက်မူ အရပ်ဘက်တရားရုံးများတွင် တရားစွဲဆိုမှုပြုလုပ်ပါသည်။
- **အရပ်ဘက် စောင့်ကြည့်ထိန်းကျောင်းမှု -** အရည်အချင်းရှိ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စာရင်းစစ်တရားရုံးများ၊ သတင်းမီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများ စသည်တို့က ကာကွယ်ရေးအား စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်ပေးပါသည်။

### ကာကွယ်ရေး ပြုပြင်ပြောင်းလဲရေးအတွက် အတားအဆီးများကို မည်သို့ ကျော်ဖြတ်မည်နည်း။

ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးကို ပြုလုပ်ကြရာတွင် နိုင်ငံတိုင်းအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသော်လည်း SSR မှတစ်ဆင့် ကောင်းမွန်သည့် SSG ဆိုင်ရာ အခြေခံမူများကို အသုံးချကျင့်သုံးမှုပြုခြင်းအားဖြင့် အဆိုပါ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အကူအညီဖြစ်စေပါသည်။ ဥပမာ -

**နိုင်ငံရေးအပိုင်းမှနှင့် အဖွဲ့အစည်းအပိုင်းမှ ခုခံတွန်းလှန်မှု -** အစိုးရနှင့်/သို့မဟုတ် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းဌာနတစ်ခုခုသည် အပြောင်းအလဲအား ခုခံမှုပြုနိုင်ရာ၊ အကြောင်းမှာ ၎င်းတို့သည် ပိုနေမြဲ ကျားနေမြဲ အခြေအနေတွင် ကိုယ်ကျိုးမျှော်လင့်ချက်တစ်ခု၊ ခြိမ်းခြောက်မှုအန္တရာယ်အပေါ် မတူသည့်အမြင်တစ်ခု၊ ရိုးရာအစဉ်အလာစိတ်တစ်ခု (သို့) လုပ်ပိုင်ခွင့်အာဏာနှင့် ထိန်းချုပ်မှုအား ဆုံးရှုံးမည်ကို ကြောက်ရွံ့စိတ်တစ်ခု စသည်တို့ ရှိနေသည့်အတွက် ဖြစ်ပါသည်။ ပဋိပက္ခ၏ ရိုက်ခတ်သက်ရောက်မှုရှိထားသည့် အခြေအနေအချိန်အခါများတွင် ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည့် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ပျောက်ကွယ်နေနိုင်ပါသည်။

– ပြုပြင်ပြောင်းလဲရေးအတွက် နောက်ခံအခြေအနေ ဆန်းစစ်မှု၊ ပဋိပက္ခဆိုင်ရာ အသိသတိဖြင့် ဆောင်ရွက်ပုံနည်းလမ်း၊ နိုင်ငံတကာနှင့်/(သို့) ပြည်သူလူထု၏ ထောက်ခံမှုတို့အတွက် ဆော်သြခြင်း၊ ထို့ပြင် ပါဝင်ပတ်သက်သူများအကြား ကောင်းမွန်သည့် SSG ၏ အကျိုးကျေးဇူးများကို သိရှိစေရန်ဆောင်ရွက်ခြင်း စသည်တို့သည် နိုင်ငံရေးအပိုင်းမှ ခုခံတွန်းလှန်နေမှုကို ကျော်လွှားနိုင်ရန် အကူအညီဖြစ်စေပါသည် (SSR နောက်ခံအကြောင်းအရာလက်စွဲဖြစ်သည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေး" ကို ကြည့်ပါ)။

**နည်းပညာပိုင်း စိန်ခေါ်မှုများ -** ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအား အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းသည် ရှုပ်ထွေးပြီး စစ်ဘက်နှင့် အရပ်ဘက် နှစ်ဖက်စလုံးမှ ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ ပူးပေါင်းပါဝင်မှုအပြင် လူမှုအဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုနှင့် ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်မှုတို့ကို လိုအပ်ပါသည်။ လုံလောက်မှုမရှိသည့် ဘဏ္ဍာရေးအရင်းအမြစ်များသည်လည်း ပြုပြင်ပြောင်းလဲရေးကို ဟန့်တားမှုပြုပါသည်။

– မတူကွဲပြားသူများပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်နှင့် ပညာရပ်ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ပြင်ပထောက်ပံ့မှုတို့သည် လိုအပ်သော ပညာရပ်ကျွမ်းကျင်မှု နှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပံ့ပိုးပေးပါသည်။ ပိုမိုကျယ်ပြန့်သော SSR လုပ်ငန်းအစီအစဉ်တစ်ခု၏ အခြေအနေအချိန်အခါများအတွင်း ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးအား ထားရှိခြင်းသည် အကူအညီဖြစ်စေနိုင်ပါသည် (SSR နောက်ခံအကြောင်းအရာလက်စွဲဖြစ်သည့် "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" ကို ကြည့်ရှုပါ)။

**မသေချာ မရေရာမှု -** ကာကွယ်ရေးပြုပြင်ပြောင်းလဲမှု၏ အလားအလာရှိသော အကျိုးကျေးဇူးများကို တိုင်းတာရန် ခက်ခဲသည့်အတွက် နိုင်ငံရေးသမားများနှင့် ပြည်သူလူထု၏ အမြင်တွင် ပြုပြင်ပြောင်းလဲရေးသည် အန္တရာယ်များသည် သို့တည်းမဟုတ် အရေးမပါသည့်ပုံပေါက်စေပါသည်။ လူတို့သည် အပြောင်းအလဲကို ကြောက်ရွံ့ကြရာ ပြုပြင်ပြောင်းလဲရေးကာလအတွင်း နိုင်ငံသည် ထိခိုက်လွယ်အားနည်းမှု ကြုံတွေ့ရန် ဖြစ်နိုင်ခြေအပါအဝင်ဖြစ်သည်။

– ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးများနှင့်ပတ်သက်သော လုပ်ငန်းနှင့်သက်ဆိုင်သည့် ပညာရေးသည် ကြောက်ရွံ့မှုကိုကျော်လွှားနိုင်ရန် အကူအညီဖြစ်စေရာ အထူးသဖြင့် အမျိုးသားလုံခြုံရေးမူဝါဒအား ပြန်လည်သုံးသပ်မှုပြုလုပ်ခြင်းကိစ္စတွင်ဖြစ်ပါသည် (SSR နောက်ခံအကြောင်းအရာလက်စွဲဖြစ်သည့် "အမျိုးသား လုံခြုံရေး မူဝါဒများ" ကို ကြည့်ပါ)။

## နောက်ထပ်ဖတ်စရာ

*ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သော online အရင်းအမြစ်များ ကျယ်ပြန့်စွာ စုစည်းပေးထားမှုအတွက် အောက်ပါကို သွားရောက်ပေးပါ။*

**http://issat.dcaf.ch/Learn/SSR-in-Practice/Thematicsin-Practice/Defence-Reform**

*ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံတကာ မူဝါဒစံနှုန်းများအပေါ် ခြုံငုံသုံးသပ်မှုတစ်ခုအတွက် -*


– United Nations Department of Peacekeeping Operations
 Policy: Defence Sector Reform
 New York: United Nations, 2011.

– OECD Development Assistance Committee **Section 7.2: Defence Reform** in OECD DAC Handbook on Security System Reform: Supporting Security and Justice, 124 – 139. Paris: Organisation for Economic Cooperation and Development, 2007.


*ကာကွယ်ရေး စီမံခန့်ခွဲခြင်းနှင့် အဖွဲ့အစည်းတည်ဆောက်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များအတွက် -*


– Hari Bucur-Marcu (ed.)
 **Essentials of Defence Institution Building** Vienna, Geneva: DCAF, 2009.

– Hari Bucur-Marcu, Philipp Fluri and Todor Tagarev (eds.)
 **Defence Management: An Introduction** Geneva: DCAF, 2009.

– Willem Frederik van Eekelen and Philipp Fluri (eds.)
 **Defence Institution Building: A Sourcebook in Support of the Partnership Action Plan** Vienna: Austrian National Defence Academy, 2006.


*ပဋိပက္ခအလွန် အခြေအနေများတွင် ကာကွယ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထပ်ဆင့်သိရှိလိုပါက -*


– Mark Knight
 SSR: Post-conflict Integration
 Helpdesk Query. Birmingham: University of Birmingham, Global Facilitation Network for Security Sector Reform, August 2009.

– Roy Licklider (ed.)
 New Armies from Old: Merging Competing Military Forces after Civil Wars
 Washington, DC: Georgetown University Press, 2014.

– Alexandra Kerr and Michael Miklaucic (eds.)
 Effective, Legitimate, Secure: Insights for Defence Institution Building
 Washington, DC: National Defense University, Center for Complex Operations, 2017.


*ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုတွင် ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များအတွက် -*


– Valeri Ratchev
 **Civilianisation of the Defence Ministry:** A Functional Approach to a Modern Defence **Institution** Geneva: DCAF, 2011.

– Benjamin S. Buckland and William McDermott
 **Ombuds Institutions for the Armed Forces:** A Handbook
 Geneva: DCAF, 2012.

– Todor Tagarev (ed.)
 **Building Integrity and Reducing Corruption in Defence: A Compendium of Best Practices** Geneva: DCAF, 2010.

– Cheryl Hendricks and Lauren Hutton
 **Tool 3: Defence Reform and Gender** in Gender and Security Sector Reform Toolkit, edited by Megan Bastick and Kristin Valasek. Geneva: DCAF, OSCE/ODIHR, UN-INSTRAW, 2008.


### DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ် များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည်၊ အခမဲ့ download ရယူ ရန် **www.dcaf.ch** သို့မဟုတ် **https://securitysectorintegrity.com/defence-management** တွင် ရရှိနိုင်ပါသည်။
များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

– DCAF-ISSAT website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ် အမျိုးမျိုးကို ဤတွင် **http://issat.dcaf.ch** ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် နိုင်ငံတကာ ဖောင်ဒေးရှင်း တစ်ခုဖြစ်ပြီး လုပ်ငန်းတာဝန်မှာ ကောင်းမွန်သော အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေး ကိစ္စတို့တွင် နိုင်ငံတကာအသိုင်းအဝိုင်းအား ထောက်ကူပေးရန် ဖြစ်ပါသည်။ DCAF သည် စံပြုသတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ဖော်ထုတ်ပြုစု၍ ထွန်းကားစေကာ၊ အလိုက်သင့်ပြုပြင်ထားသော မူဝါဒဆိုင်ရာ သုတေသနများ ပြုလုပ်ပြီး၊ ဒီမိုကရေစီ လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးကို မြှင့်တင်ရန် ကောင်းမွန်သော အလေ့အကျင့်များနှင့် ထောက်ခံအကြံပြုချက်များကို ဖော်ထုတ်သတ်မှတ်၍ နိုင်ငံတွင်း အကြံပေး အကူအညီနှင့် လက်တွေ့ကျသော အကူအညီပေးအပ်ခြင်း အစီအစဉ်များကို ထောက်ပံ့ပေးသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

Thammy Evans အား စာပေရေးသားပေးမှုအတွက်

Ronja Harder နှင့် Jasper Linke အား သုတေသနအတွက် ပါဝင်ကူညီပြုမှုများ၊ ရေးသားပေးခြင်းနှင့် တည်းဖြတ်ပေးမှုတို့အတွက်

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်

Florence Lesur အား ပြင်သစ်ဘာသာသို့ ပြန်ဆိုပေးမှုအတွက်

Géraldine Chantegrel အား ပြင်သစ်ဘာသာအား စိစစ်ပေးမှုအတွက်

Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

*ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ*။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

**မှတ်စုများ**

**မှတ်စုများ**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

P. O. Box 1360

CH-1211 Geneva 1

ဆွစ်ဇာလန်နိုင်ငံ

## DCAF ၏ SSR နောက်ခံအကြောင်းအရာလက်စွဲဆိုင်ရာ အက်ပလီကေးရှင်းကို download ရယူပါ

လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့၏ အခြေခံအချက်များအတွက် ကျယ်ပြန့်သော အရင်းအမြစ်တစ်ခု –

**SSR နောက်ခံအကြောင်းအရာလက်စွဲများ** - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိက အကြောင်းအရာများကို အတိုချုပ် မိတ်ဆက်တင်ပြမှုများ။

**SSR စာတမ်းများ** - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးဆိုင်ရာတွင် ခေတ်အမီဆုံးဖြစ်သည့် ခေတ်ရေစီးကြောင်းလားရာများကို ပြုပြင်ပြောင်းလဲရေး ကျွမ်းကျင်သူများက ရေးသားကာ ပြန်လည်သုံးသပ်၍ တည်းဖြတ်ထားသော ခေတ်မီအဆင့်မြင့် ဆန်းစစ်မှု။

**လေ့လာရန် DCAF ၏ အရင်းအမြစ်များ –** ပြုပြင်ပြောင်းလဲရေးသမားများအတွက် အကောင်းဆုံး လက်တွေ့လမ်းညွှန်မှုဖြစ်စေရန် ရွေးချယ်စုစည်းပေးထားသည့် ဘာသာစကားများစွာဖြင့် လက်စွဲစာအုပ်များ၊ လက်စွဲသုံးရမည့်အရာများ စုစည်းပေးထားသော toolkits စာအုပ်များနှင့် လမ်းညွှန်ချက်မှတ်စုများ ပါဝင်ပါသည်။

ဤအက်ပလီကေးရှင်းတွင် ရရှိနိုင်သည်များ -

– အော့ဖ်လိုင်း အပြည့်အဝအသုံးပြုနိုင်ရန် တစ်ကြိမ် download ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့် အရင်းအမြစ်များ

– ပိုမိုရှင်းလင်းသောစာသားနှင့် ပိုမိုကောင်းမွန်သည့် zoom ချဲ့ရန်အတွက် စာဖတ်နည်း reading modes နှစ်ခုရှိရာ၊ နှစ်သက်ရာ ကိုရွေးချယ်နိုင်သည်

– မြန်ဆန်စွာလုပ်ဆောင်နိုင်ပြီး အချက်အလက်နှင့် သိုလှောင်မှုကို ပေါ့ပါးစေသော အကောင်းဆုံးချိန်ညှိထားသည့် iOS နှင့် Android စနစ်ပုံစံများ

Apple App Store သို့မဟုတ် Google Play စတိုးမှအခမဲ့ download ရယူနိုင်သည်။